## ပြစ်မှုဆိုင်ရာအယူခံမှု

## သေဒဏ်အတည်ပြုမှု*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးစိုးညွှန့် နှင့် ဦးအောင်ဇော်သိန်း တို့ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
ဒီဇင်ဘာလ
၃၀ ရက်

အောင်ကိုမင်းပါ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အောင်ကိုမင်းပါ ၃

**တရားခံများအပေါ်လူသတ်မှုဖြင့်စွဲဆိုသည့်အမှုတွင် တရားခံတစ်ဦး က ကျောင်းထောက်ခံစာတင်ပြ၍ မိမိသည်ကလေးသူငယ် ဖြစ်ကြောင်း တင်ပြသည်ကို တရားရုံးက စုံစမ်းစစ်ဆေးမှု မပြုလုပ်ခဲ့သည့်အပြင် ကျောင်းထောက်ခံစာနှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ရန်ပျက်ကွက်ခြင်း၊ ကလေးသူငယ်တရားရုံး မဟုတ်သည့် အခြားသောတရားရုံးများသည်လည်း တရားခံ သည် ကလေးသူငယ် ဟုတ် မဟုတ် အငြင်းပွားမှုပေါ်ပေါက် လာပါ က ချက်ချင်းစိစစ်၍ အဆုံးအဖြတ်ပေးရန်လိုခြင်း၊**

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၃၊ ၂၄၊ ၂၅
၂၀၁၁ ခုနှစ်၊ သေဒဏ်အတည်ပြုမှုအမှတ် ၂၂

\+ ၂၀၁၁ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၄ တွင်ချမှတ်သော ပြည်ခရိုင်တရားရုံး၏ ၁၆-၉-၂၀၁၁ ရက်စွဲပါအမိန့်ကို အယူခံမှုများနှင့် သေဒဏ်အတည်ပြုမှု။

| |
|---|
| ၂၀၁၁ |
| အောင်ကိုမင်းပါ ၃ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် |
| အောင်ကိုမင်းပါ ၃ |

**အငြင်းပွားမှုအပေါ် တစ်စုံတစ်ရာသုံးသပ်ဝေဖန်၍ အဆုံးအဖြတ် မပြုလုပ်ခြင်းသည် တရားရုံး၏တာဝန် ပျက်ကွက်ရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အမှု၌ မျိုးမင်းသူ၏အသက်နှင့်ပတ်သက်၍ နှစ်ဖက်တင်ပြချက်အရ အငြင်းပွားမှုပေါ်ပေါက်နေသည်။ ရဲစွဲချက်ပုံစံတွင် မျိုးမင်းသူ၏အသက်ကို ၁၉ နှစ်ဟုဖော်ပြထားပြီး သက်သေခံအမှတ် (၁) ကျောင်းထောက်ခံစာတွင် မွေးသက္ကရာဇ်ကို ၄-၂-၁၉၉၅ ဟုဖော်ပြထား၍ အခင်းဖြစ်ချိန်တွင် မျိုးမင်းသူ၏အသက်မှာ ၁၅ နှစ် ၆ လသာရှိကြောင်းပေါ်ပေါက်နေသည်။ မူလခရိုင်တရားရုံးက မျိုးမင်းသူမှတင်ပြသော သက်သေခံအမှတ်(၁) ထောက်ခံစာနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ခြင်းမရှိသည့်ပြင် သက်သေခံအမှတ်(၁) ထောက်ခံစာအပေါ် သုံးသပ်ဆုံးဖြတ်ထားခြင်းမရှိကြောင်း တွေ့ရသည်။

ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းကို လက်ခံရရှိသည့်အခါ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က) တွင်ဖော်ပြထားသည့်အတိုင်း အမှုတွဲတွင်ပါရှိသော ကလေးသူငယ်၏အသက်နှင့်ပတ်သက်သည့် အထောက်အထားကို ဦးစွာစိစစ်ကြည့်ရှုကြသည်။ ထို့နောက်အမှုတွဲပါ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊ ဆရာဝန်ဆေးစာ သို့မဟုတ် အခြားခိုင်လုံသောအထောက်အထားများအရ ကလေးသူငယ် ဖြစ်မဖြစ် ဆုံးဖြတ်ကြသည်။ ကလေးသူငယ်တရားရုံးက ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က)ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေလိုက်နာဆောင်ရွက်ကြသော

လည်း အခြားတရားရုံးများက မိမိတို့ရုံးတွင် တရားစွဲဆိုတင်ပို့သည့်တရားခံသည် ကလေးသူငယ် ဟုတ် မဟုတ် အငြင်းပွားမှုပေါ်ပေါက်လာသည့်အခါ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က) တွင်ဖော်ပြထားသည့်အထောက်အထားများရယူစိစစ်၍ ခိုင်လုံသောအထောက်အထားများအရ ကလေးသူငယ် ဟုတ် မဟုတ် စိစစ်ရန်ပျက်ကွက်တတ်ကြသည်။

အခြားတရားရုံးများကလည်း မိမိတို့ရုံးသို့ တရားစွဲဆို တင်ပို့သည့် တရားခံသည် မျက်မြင်အားဖြင့် ကလေးသူငယ်အရွယ်တွေ့ရှိရလျှင်လည်းကောင်း၊ တရားခံက ကလေးသူငယ်ဖြစ်သည်ဟုထုချေပြီး ကလေးသူငယ်ဟုတ် မဟုတ်အငြင်းပွားမှုပေါ်ပေါက်လာလျှင်လည်းကောင်း ယင်းပြဿနာနှင့်စပ်လျဉ်း၍ ချက်ချင်းစိစစ်၍ အဆုံးအဖြတ်ပေးရန် လိုပေသည်။ အဘယ်ကြောင့်ဆိုသော် တရားခံသည် ကလေးသူငယ်ဖြစ်နေပါက ကလေးသူငယ်မှုခင်းကို စစ်ဆေးစီရင်ခြင်းသည် မူလကပင် ပျက်ပြယ်နေမည်ဖြစ်သောကြောင့်ဖြစ်သည်။

မူလခရိုင်တရားရုံးက တရားခံ မျိုးမင်းသူ၏အသက်နှင့်စပ်လျဉ်း၍ တရားခံဘက်မှတင်ပြသည့် သက်သေခံအမှတ်(၁) ကျောင်းထောက်ခံစာအပေါ် နှစ်ဖက်အငြင်းပွားနေကြပြီး အပြီးသတ်လျှောက်လဲတင်ပြရာ၌လည်း ထည့်သွင်းလျှောက်ထားခဲ့ကြပါလျက် ဤအငြင်းပွားမှုအပေါ် တစ်စုံတစ်ရာ ဝေဖန်သုံးသပ်၍ အဆုံးအဖြတ်မပြုလုပ်ခဲ့ခြင်းသည် တရားရုံး၏ တာဝန်ပျက်ကွက်ရာရောက်ပေသည်။

အယူခံတရားလို(၁)(၂)အတွက်- ဦးမောင်မောင်ချို

တရားလွှတ်တော်ရှေ့နေ

| | | |
|---|---|---|
| အယူခံတရားလို (၃) အတွက် | - | ဒေါ်သိန်းသိန်းဌေး<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားသူအတွက် | - | ဒေါ်ဌေးဌေးငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| အယူခံတရားခံအတွက် | - | ဒေါ်ဌေးဌေးငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး |
| အယူခံတရားလို(၁)(၂)အတွက် | - | ဦးမောင်မောင်ချို<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားလို (၃) အတွက် | - | ဒေါ်သိန်းသိန်းဌေး<br>တရားလွှတ်တော်ရှေ့နေ |

ပြည်ခရိုင်တရားရုံး ပြစ်မှုကြီးအမှုအမှတ် ၄၄/၂၀၁၀ တွင် တရားခံ အောင်ကိုမင်း၊ မင်းထွဋ် နှင့် မျိုးမင်းသူတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ သေဒဏ်ကျခံစေရန်ချမှတ်သည့်အမိန့်ကို ၎င်းတို့က မကျေနပ်၍ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၃/၂၀၁၁၊ ၂၄/၂၀၁၁ နှင့် ၂၅/၂၀၁၁တို့ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်သကဲ့သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှလည်း ပြည်ခရိုင်တရားရုံးက ချမှတ်ခဲ့သော သေဒဏ်အမိန့်ကို သေဒဏ်အတည်ပြုမှုအမှတ် ၂၂/၂၀၁၁ ဖြင့် သေဒဏ်အတည်ပြုမှု ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ အဆိုပါအမှုများသည် ပြည်ခရိုင်တရားရုံး ပြစ်မှုကြီးအမှုအမှတ် ၄၄/၂၀၁၀ တွင် ချမှတ်သောအမိန့် အပေါ် အခြေခံသဖြင့် ဤစီရင်ချက်သည် အဆိုပါအမှု ၄ မှုလုံးနှင့်သက်ဆိုင်စေရမည်။

အမှုမှာ ၇-၈-၂၀၁၁ နေ့ ၁၅း၀၀ နာရီအချိန်ခန့်တွင် ပေါင်းတည်မြို့နယ်၊ မှတ်တိုင်ရဲစခန်းအပိုင် ဆည်မြောင်းလက်တံတွင်းမှ အမျိုးသမီးအလောင်းတစ်လောင်းတွေ့ရှိ၍ ပေါင်းတည်မြို့နယ်ဆေးရုံတွင် ရင်ခွဲစစ်ဆေးရာ လည်ပင်းရိုးကျိုး၍ သေဆုံးနေကြောင်းတွေ့ရပြီး သေသူမှာ မြောက်ကုန်းကြီးရွာနေ မညွန့်ညွန့်အေးဖြစ်ကြောင်းသိရှိရ၍ မညွန့်ညွန့်အေးအား သတ်သူကို စုံစမ်းဖော်ထုတ်အရေးယူပေးရန် ပေါင်းတည်ရဲစခန်းမှ ဒုရဲအုပ်မောင်မောင်မှ တရားလိုပြုလုပ်တိုင်တန်းရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အယူခံတရားလို/လျှောက်ထားခံရသူ အောင်ကိုမင်းနှင့် မင်းထွဋ်တို့၏ ရှေ့နေက ရဲထံတွင် ၄ ရက် ချုပ်နှောင်ခံရပြီးမှ ပေးခဲ့သောဖြောင့်ချက်မှာ ၎င်းတို့သဘောအလျောက်ပေးခဲ့သည့် ဖြောင့်ချက်ဟု တစ်ထစ်ချကောက်ယူနိုင်ရန် ခဲယဉ်းကြောင်း၊ ပြန်လည်ရုပ်သိမ်းထားသော ဖြောင့်ချက်ပေါ်အခြေခံ၍ အပြစ်ပေးထားခြင်းမှာ မှားယွင်းကြောင်း၊ အခင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ အမှုတွင်မျက်မြင်သက်သေမရှိဘဲ သေသူဝတ်ဆင်ထားသောနားကပ်ကို တရားခံမင်းထွဋ်ကဖြုတ်ယူကြောင်း၊ အောင်ကိုမင်းထံမှ နားကပ်တွေ့ရှိမှုပေါ်အခြေခံ၍ အပြစ်ပေးထားကြောင်း၊ ပြန်လည်ရုပ်သိမ်းထားသောဖြောင့်ချက်ကိုအခြေခံ၍ တရားခံများအပေါ် စိတ်ချလက်ချအပြစ်မပေးသင့်ကြောင်း၊ ထို့ကြောင့် သေဒဏ်အတည်မပြုဘဲ အယူခံမှုကို ခွင့်ပြုပေးရန်လျှောက်လဲတင်ပြသည်။

အယူခံတရားလို/လျှောက်ထားခံရသူ မျိုးမင်းသူ၏ရှေ့နေက မျိုးမင်းသူမှာ သက်သေခံအမှတ်(၁) ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ

၄-၂-၁၉၉၅ ဖြစ်၍ အသက် ၁၅ နှစ် နှင့် ၆ လ သာရှိသောကလေးသူငယ်သာဖြစ်ကြောင်း၊ ကလေးသူငယ်တရားရုံးတွင် စစ်ဆေးခွင့်မရ၍ ဥပဒေမှပေးသောအခွင့်အရေးမရခဲ့ကြောင်း၊ ကလေးသူငယ်ဥပဒေပုဒ်မ ၇၁(က)အရ ကလေးသူငယ်အား သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခြင်း မပြုနိုင်သဖြင့် မျိုးမင်းသူအပေါ် သေဒဏ်ချမှတ်ခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးသင့်ကြောင်း၊ အမှုတွင် မျက်မြင်သက်သေလုံးဝမရှိဘဲ ပူးတွဲတရားခံများ ဖြစ်သော အောင်ကိုမင်းနှင့် မင်းထွဋ်တို့၏ ပြန်လည်ရုပ်သိမ်းသောဖြောင့်ချက်အရ မျိုးမင်းသူအပေါ် သေဒဏ်ချမှတ်ထားကြောင်း၊ သို့ဖြစ်၍ သေဒဏ် အတည်မပြုနိုင်ဘဲ အမှုမှ အပြီးအပြတ်လွှတ်ပေးရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက တရားခံ အောင်ကိုမင်းနှင့် မင်းထွဋ်တို့က ပေါင်းတည်မြို့နယ်တရားရုံးတွင် ဖြောင့်ချက်ပေးရာတွင် တရားသူကြီးမှ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ရယူခဲ့ကြောင်း၊ ဖြောင့်ချက်ကိုပြန်လည်ရုပ်သိမ်းခဲ့သော်လည်း အမှုတွဲရှိ အခြားသက်သေခံချက်များအရ တရားခံများသည် သေသူမညွှန့်ညွှန့်အေး၏နားကပ်ကို လုယက်စဉ် လူသတ်မှုကိုကျူးလွန်ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ကြောင်း၊ မျိုးမင်းသူ၏အသက်နှင့်ပတ်သက်၍ သစ်ပုတ်ကျေးရွာအခြေခံမူလတန်းကျောင်း၏ ကျောင်းထောက်ခံစာကို သက်သေခံအမှတ်(၁)အဖြစ် တင်သွင်းထားကြောင်း၊ မျိုးမင်းသူ အဆိုပါကျောင်းတွင် ပညာသင်ကြားခဲ့ကြောင်း ထုချေခဲ့ခြင်းမရှိဘဲ ရဲဖမ်းစဉ်က ၁၆ နှစ် မပြည့်သေးဟုပြောသည်ကို မယုံ၍ အိမ်ထောင်စုဇယားကို အပ်ခိုင်းသဖြင့် မိခင်မှပေးအပ်ခဲ့ကြောင်းသာ ထုချေထားကြောင်း၊ ရဲစွဲချက်ပုံစံတွင် မျိုးမင်းသူ၏အသက်ကို ၁၉ နှစ်ဟုသာ ဖော်ပြထားကြောင်း၊ အိမ်ထောင်စုဇယားကို ရုံးသို့သက်သေခံအဖြစ် တင်ပြခဲ့ခြင်း

မရှိကြောင်း၊ သက်သေခံအမှတ်(၁) ကျောင်းထောက်ခံစာတွင် မှင်ဖျက်ရာများရှိ၍ ထည့်သွင်းမသုံးသပ်သင့်ကြောင်း၊ မူလပြည်ခရိုင်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ ပြစ်မှုထင်ရှားတွေ့ရှိ၍ သေဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ကြောင်း၊ သေဒဏ်ကိုအတည်ပြုပြီး အယူခံမှု ကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲတွင် မျက်မြင်သက်သေမရှိသော်လည်း တရားခံအောင်ကိုမင်းနှင့် မင်းထွဋ်တို့၏ဖြောင့်ချက် (သက်သေခံ-င) နှင့် (သက်သေခံ-စ)တို့အရ အခင်းဖြစ်နေ့တွင် မျိုးမင်းသူက သေသူမညွန့်ညွန့်အေး၏ ပါးစပ်ကိုပိတ်ပြီး အောင်ကိုမင်းကလည်ပင်းကို လက်နှစ်ဖက်နှင့်ညှစ်ကြောင်း၊ မညွန့်ညွန့်အေးလဲကျစဉ် မင်းထွဋ်ကလှမ်းဆွဲရာ မညွန့်ညွန့်အေး၏အပေါ် ဝတ်အင်္ကျီလက်ထဲပါလာကြောင်း၊ လဲကျသွားသော မညွန့်ညွန့်အေး၏ နားကပ်ကို အောင်ကိုမင်းနှင့် မျိုးမင်းသူတို့က တစ်ယောက်တစ်ဖက်စီဖြုတ်ကြကြောင်း၊ အသက်မရှုတော့ဟု ထင်၍ပြန်ထွက်လာစဉ် မညွန့်ညွန့်အေးကထပြေး၍ မင်းထွဋ်ကနောက်မှလိုက်ရာ မညွန့်ညွန့်အေးခြေချော်၍ ဝမ်းလျားမှောက်လဲသွားစဉ် ဆည်မြောင်းဘက်သို့ ဆွဲခေါ်သွားကြောင်း၊ ထိုသို့ခေါ်သွားစဉ် အောင်ကိုမင်းနှင့် မျိုးမင်းသူတို့က မညွန့်ညွန့်အေး၏လက်နှစ်ဖက်ကိုကိုင်ထားပြီး မင်းထွဋ်က မညွန့်ညွန့်အေး၏အင်္ကျီဖြင့်လည်ပင်းကိုချည်ပြီး ရေထဲတွန်းပို့ခဲ့ကြောင်းပေါ်ပေါက်သည်။

အမှုမှ တရားခံအောင်ကိုမင်းနှင့် မင်းထွဋ်တို့က ဖြောင့်ချက်များကို ရုပ်သိမ်းထားသော်လည်း အဆိုပါဖြောင့်ချက်များကို ပေါင်းတည်မြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီးမှ ဥပဒေနှင့်အညီရယူထားသည်ကို တွေ့ရသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် အလှ (ခ) မောင်လှ အမှု**[၁]

တွင် ဖြောင့်ချက်ကို ဖြောင့်ချက်ပေးသူက ပြန်လည်ရုပ်သိမ်းလျှင် ထိုဖြောင့်ချက်မှအပ အခြားလုံလောက်သော သက်သေခံချက်ရှိရမည်။ ဖြောင့်ချက်ကိုထောက်ခံသည့် အခြားသက်သေခံချက်များရှိရမည်ဟု ဆုံးဖြတ်ထားသည်။

သက်သေခံအမှတ် (ဒ) ဆေးစာနှင့် ဒေါက်တာထိုက်ထိုက်လင်း (လိုပြ-၂၄)၏ ထွက်ချက်အရ သေသူ၏လည်ပင်းကြွက်သားများ သွေးခြေဥဒဏ်ရာရှိပြီး လည်ပင်းအရိုးနုကျိုးနေကြောင်း၊ သေဆုံးရသည့်အကြောင်းရင်းမှာ လည်ပင်းညှစ်ခံထားရသောကြောင့် အသက်ရှူကြပ်၍လည်းကောင်း၊ ရေမွန်းကြပ်၍လည်းကောင်း သေဆုံးရခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် အောင်ကိုမင်းနှင့် မင်းထွဋ်တို့၏ဖြောင့်ချက်တွင် ထွက်ဆိုခဲ့သည့်အတိုင်း သေသူအားလည်ပင်းညှစ်သတ်ခဲ့ကြောင်း ထင်ရှားနေသည်။

အခင်းဖြစ်ပြီးနောက် မညွန့်ညွန့်အေး၏အလောင်းကို နဝင်းဆည်ရေမြောင်း ရေလည်တွင်တွေ့ရှိချိန်တွင် လည်ပင်း၌အညိုကွက်အကျိုးနှင့် နှစ်ပတ်ချည်နှောင်ထားပြီး နားတွင်လည်းနားကပ်မရှိတော့ကြောင်းတွေ့ရသည်။ အောင်ကိုမင်းအား လိုက်လံဖမ်းဆီးရာတွင် ၎င်းပစ်ချခဲ့သောလွယ်အိတ်အတွင်းမှ အသဲပုံရွှေနားကပ်တစ်ဖက် (နောက်ပိတ်မပါ) ကိုတွေ့ရှိသိမ်းဆည်းထားသဖြင့် အောင်ကိုမင်း နှင့် မင်းထွဋ်တို့၏ဖြောင့်ချက်ပါ သေသူမညွန့်ညွန့်အေး၏နားကပ်ကို အောင်ကိုမင်းနှင့် မင်းထွဋ်တို့မှ တစ်ဖက်စီဖြုတ်ယူခဲ့သည်ဆိုသောအချက်ကို ထောက်ခံကြောင်းတွေ့ရသည်။

---

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်)၊ စာ-၂၉

တွင်လည်း ရဲကခြိမ်းခြောက်သဖြင့် ဖြောင့်ချက်ပေးရသည်ဟုဆိုကာ ပြန်လည် ရုပ်သိမ်းသော်လည်း အကြောင်းခြင်းရာများနှင့်တကွ တွေ့ရှိသောပစ္စည်း များက ဖြောင့်ချက်ကိုထောက်ခံလျက်ရှိလျှင် မိမိအလိုအလျောက်ဖြောင့် ချက်ပေးခဲ့သည်ဟု ကောက်ယူရကြောင်း လမ်းညွှန်ဆုံးဖြတ်ထားသည်။

သို့ဖြစ်ရာ အယူခံတရားလို အောင်ကိုမင်းနှင့် မင်းထွဋ်တို့သည် သေသူမညွှန့်ညွှန့်အေး၏ နားကပ်ကိုလုယူစဉ်အတူတကွ လူသတ်မှုကျူးလွန် ခဲ့ကြောင်း ပေါ်ပေါက်သည်။

သို့ရာတွင် အမှု၌ မျိုးမင်းသူ၏အသက်နှင့်ပတ်သက်၍ နှစ်ဖက်တင် ပြချက်အရ အငြင်းပွားမှုပေါ်ပေါက်နေသည်။ ရဲစွဲချက်ပုံစံတွင် မျိုးမင်းသူ၏ အသက်ကို ၁၉ နှစ်ဟုဖော်ပြထားပြီး သက်သေခံအမှတ်(၁) ကျောင်းထောက် ခံစာတွင် မွေးသက္ကရာဇ်ကို ၄-၂-၁၉၉၅ ဟု ဖော်ပြထား၍ အခင်းဖြစ်ချိန် တွင် မျိုးမင်းသူ၏အသက်မှာ ၁၅ နှစ် ၆ လသာရှိကြောင်း ပေါ်ပေါက်နေ သည်။ မူလခရိုင်တရားရုံးက မျိုးမင်းသူမှ တင်ပြသောသက်သေခံအမှတ်(၁) ထောက်ခံစာနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ခြင်းမရှိသည့်ပြင် သက်သေခံ အမှတ်(၁)ထောက်ခံစာပေါ် သုံးသပ်ဆုံးဖြတ်ထားခြင်းမရှိကြောင်း တွေ့ရ သည်။

ဤနေရာတွင် မှတ်ချက်ပြုလိုသည်မှာ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းကို လက်ခံရရှိသည့်အခါ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က) တွင်ဖော်ပြထားသည့်အတိုင်း အမှုတွဲတွင်ပါရှိသော ကလေးသူငယ်

(၂) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၀၃

၏ အသက်နှင့်ပတ်သက်သည့် အထောက်အထားကိုဦးစွာ စိစစ်ကြည့်ရှုကြသည်။ ထို့နောက်အမှုတွဲပါ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊ ဆရာဝန်၏ဆေးစာ သို့မဟုတ် အခြားခိုင်လုံသောအထောက်အထားများအရ ကလေးသူငယ်ဖြစ် မဖြစ် ဆုံးဖြတ်ကြသည်။ ကလေးသူငယ်တရားရုံးက ကလေးသူငယ်ဥပဒေပုဒ်မ ၄၁ (က)ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေလိုက်နာဆောင်ရွက်ကြသော်လည်း အခြားတရားရုံးများက မိမိတို့ရုံးတွင် တရားစွဲဆိုတင်ပို့သည့် တရားခံသည် ကလေးသူငယ် ဟုတ် မဟုတ် အငြင်းပွားမှု ပေါ်ပေါက်လာသည့်အခါ ကလေးသူငယ်ဥပဒေ ပုဒ်မ ၄၁ (က) တွင် ဖော်ပြထားသည့် အထောက်အထားများရယူစိစစ်၍ ခိုင်လုံသော အထောက်အထားများအရ ကလေးသူငယ်ဟုတ် မဟုတ် စိစစ်ရန် ပျက်ကွက်တတ်ကြသည်။

အခြားတရားရုံးများကလည်း မိမိတို့ရုံးသို့ တရားစွဲဆိုတင်ပို့သည့် တရားခံသည် မျက်မြင်အားဖြင့် ကလေးသူငယ်အရွယ်တွေ့ရှိရလျှင်လည်းကောင်း၊ တရားခံက ကလေးသူငယ်ဖြစ်သည်ဟု ထုချေပြီး ကလေးသူငယ်ဟုတ် မဟုတ် အငြင်းပွားမှုပေါ်ပေါက်လာလျှင်လည်းကောင်း ယင်းပြဿနာနှင့်စပ်လျဉ်း၍ ချက်ချင်းစိစစ်၍ အဆုံးအဖြတ်ပေးရန်လိုပေသည်။ အဘယ်ကြောင့်ဆိုသော် တရားခံသည် ကလေးသူငယ်ဖြစ်နေပါက ကလေးသူငယ်မှုခင်းကို စစ်ဆေးစီရင်ခြင်းသည် မူလကပင် ပျက်ပြယ်နေမည်ဖြစ်သောကြောင့်ဖြစ်သည်။

မူလခရိုင်တရားရုံးက တရားခံမျိုးမင်းသူ၏ အသက်နှင့်စပ်လျဉ်း၍ တရားခံဘက်မှ တင်ပြသည့်သက်သေခံအမှတ်(၁) ကျောင်းထောက်ခံစာ

အပေါ် နှစ်ဖက်အငြင်းပွားနေကြပြီး အပြီးသတ်လျှောက်လဲတင်ပြရာ၌လည်း ထည့်သွင်းလျှောက်ထားခဲ့ကြပါလျက် ဤအငြင်းပွားမှုအပေါ် တစ်စုံတစ်ရာ သုံးသပ်ဝေဖန်၍ အဆုံးအဖြတ်မပြုလုပ်ခဲ့ခြင်းသည် တရားရုံး၏တာဝန် ပျက်ကွက်ရာ ရောက်ပေသည်။

မူလရုံးက မျိုးမင်းသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/ ၃၄ အရ သေဒဏ်ချမှတ်ထား၍ ၎င်း၏အသက်နှင့်ပတ်သက်၍ အမှန်သိရှိရန်လိုအပ်သည်။ အသက်နှင့်ပတ်သက်၍ အမှန်သိရှိရန်စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးမှသာ မျိုးမင်းသူ၏ အယူခံမှုနှင့် သေဒဏ်အတည်ပြုမှုကို သုံးသပ်ဆုံးဖြတ်သင့်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

အယူခံတရားလို အောင်ကိုမင်းနှင့် မင်းထွဋ်တို့နှင့်ပတ်သက်၍ မူလရုံးအမှုရှိသက်သေခံအထောက်အထားများအရ သီးခြားဆုံးဖြတ်နိုင်သည်ဖြစ်၍ အမှုကြန့်ကြာခြင်းမရှိစေရန် မျိုးမင်းသူနှင့်သာသက်ဆိုင်သည့် သက်သေခံချက်များကိုစောင့်ဆိုင်းခြင်းမပြုတော့ဘဲ အမိန့်ချမှတ်မည်ဖြစ်သည်။

သို့အတွက် အယူခံတရားလို အောင်ကိုမင်းနှင့် မင်းထွဋ်တို့အပေါ် မူလခရိုင်တရားရုံးက ၎င်းတို့အပေါ် ချမှတ်သည့်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ ၎င်းတို့အပေါ် ချမှတ်သည့် သေဒဏ်အမိန့်ကို အတည်ပြုပြီး ၎င်းတို့တင်သွင်းသည့် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၃/၂၀၁၁ နှင့် ၂၄/၂၀၁၁ များကို ပလပ်လိုက်သည်။

အယူခံတရားလို မျိုးမင်းသူ၏အသက်နှင့်ပတ်သက်၍ စုံစမ်းမှုပြုပြီး ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၅/၂၀၁၁ နှင့် သေဒဏ်အတည်ပြုမှုအမှတ် ၂၂/၂၀၁၁ တို့တွင် ပြန်လည်တင်ပြရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၇၅(၁)အရ ညွှန်ကြားလိုက်သည်။